Australian Government
Attorney-General's Department

# လူထုအကြံဉာဏ်ရယူခြင်း

## အစမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်း

## <u>ကိုယ်ရေးအချက်စုဆောင်းခြင်း အကြောင်းကြားချက်နှင့် သဘောတူညီချက်ပုံစံ</u>

ရှေ့နေချုပ်ရုံး (ဤရုံး) သည် အစမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်းအတွက် အကြံဉာဏ်ရယူရာတွင် ပံ့ပိုးကူညီရန် သင်၏ ကိုယ်ရေးအချက်များကို စုဆောင်းနေပါသည်။ သင့်ကိုယ်ရေးအချက်များ၏ ထိန်းသိမ်းရေးနှင့် လုံခြုံရေးသည် မိမိတို့အတွက် အရေးပါပြီး၊ ဥပဒေအရ ကာကွယ်ထားပါသည်။

ဤရုံးသည် *ဩစတြေးလျ ကိုယ်ရေးကိုယ်တာ မူဝါဒများ* (APPs) အပါအဝင် *၁၉၈၈ခုနှစ် ထိန်းသိမ်းရေးအက်ဥပဒေကို* လိုက်နာပါသည်။ APP များသည် ပြည်လူများ၏ ကိုယ်ရေးအချက်များကို မိမိတို့ ကိုင်တွယ်ထိန်းသိမ်းပုံအတွက် စံနှုန်းများ၊ ရပိုင်ခွင့်များနှင့် တာဝန်များကို သတ်မှတ်ပေးထားပါသည်။ ၎င်းတွင် မိမိတို့မှ ကိုယ်ရေးအချက်များကို စုဆောင်းနည်း၊ သိမ်းဆည်းနည်း၊ အသုံးပြုနည်း၊ ထုတ်ဖော်နည်း၊ အရည်အသွေး အာမခံနည်းနှင့် လုံခြုံစေနည်းအပြင် သင့်ကိုယ်ရေး အချက်များကို သင်ရယူခွင့် သို့မဟုတ် ပြင်ဆင်နိုင်ခွင့်များ ပါဝင်ပါသည်။

### <u>သင့်ကိုယ်ရေးအချက်များကို စုဆောင်းနည်း</u>

- အကြံဉာဏ်ရယူခြင်းတွင် သင်သည် အွန်လိုင်းမေးခွန်းလွှာ ဖြည့်စွက်ခြင်းဖြင့် ပါဝင်ပါက၊ သင်သည် မည်သည့် ကိုယ်ရေးအချက်ကိုမျှ ပေးရန် မလိုအပ်ပါ။ အကယ်၍ ပေးခဲ့ပါက၊ ၎င်းသည် သင့်ဆန္ဒအလျောက်သာ ဖြစ်ပါသည်။
- သင်သည် ဤဌာနသို့ အီးမေးလ်ပို့ပါက၊ ဤဌာနသည် သင့်အီးမေးလ်လိပ်စာနှင့် အကယ်၍ သင် ပေးထားပါက သင့်အမည်တို့ကို မှတ်တမ်းတင်ထားမည် ဖြစ်ပါသည်။
- အကြံဉာဏ်ရယူခြင်းသို့ တင်သွင်းခြင်း သို့မဟုတ် အကြံပေးခြင်းပြုလုပ်ရာတွင် ကိုယ်ရေးအချက်များ သို့မဟုတ် အရေးကြီးအကြောင်းအချက်များကို ပေးရန် သင်ရွေးချယ်နိုင်သည်။ အကယ်၍ ပေးခဲ့ပါက၊ ၎င်းသည် သင့်ဆန္ဒအလျောက်သာ ဖြစ်ပါသည်။
- ရွေးချယ်ထားသည့် အကြံဉာဏ်ရယူခြင်းအစည်းအဝေးတွင် သင် ပါဝင်ပါက၊ သင်အား ဖိတ်စာပေးရန်အတွက် သင့် အီးမေးလ်လိပ်စာအပြင် အကယ်၍ သင် ပေးထားပါက သင့်အမည်တို့ကိုပါ ရယူနိုင်ပါသည်။ နာမည်ဝှက်ကို အသုံးပြု၍ အကြံဉာဏ်ရယူခြင်း အစည်းအဝေးများတွင် သင် ပါဝင်နိုင်ပါသည်။
- ဘာသာပြန်များ လိုအပ်လျှင် သို့မဟုတ် အင်္ဂလိပ်မဟုတ်သော အခြားဘာသာစကားဖြင့် သင့်တင်ပြချက်ကို ပေးလျှင်၊ ငှားရမ်းထားသော အခြားသူများသည် သင်၏ စာ သို့မဟုတ် နှုတ်အကြံပေးချက်ပါ သင်၏ ကိုယ်ရေးအချက်များကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## အကယ်၍ မိမိတို့သည် သင်၏ ကိုယ်ရေးအချက်များကို မစုဆောင်းပါက

မိမိတို့သည် သင်၏ ကိုယ်ရေးအချက်များကို မစုဆောင်းပါက၊ ရွေးချယ်ထားသည့် အကြံဉာဏ်ရယူခြင်းအစည်းအဝေး၊ အွန်လိုင်း သို့မဟုတ် လူကိုယ်တိုင်ပါဝင်ရန် ဖိတ်ကြားရာတွင် သင့်အား ဆက်သွယ်နိုင်မည် မဟုတ်ပါ။ အကြံဉာဏ်ရယူခြင်းတွင် သင့်အကြံပြုချက်၏ မည်သည့်ကဏ္ဍကိုမဆို ရှင်းလင်းစွာ သိနိုင်ရန် သင့်အား ဆက်သွယ်နိုင်စွမ်းကိုလည်း ထိခိုက်စေနိုင်ပါသည်။

သင့်အမည်ကို မဖော်ပြပါက သို့မဟုတ် နာမည်ဝှက်ကို အသုံးပြုပါက၊ မိမိတို့သည် သင့်အား အကြံဉာဏ်ရယူခြင်း၏ အတွက် သင်ပေးထားသည့် အကြောင်းအချက်များ သို့မဟုတ် မှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုခွင့် ပေးနိုင်မည် မဟုတ်ပါ။

## သင်၏ ကိုယ်ရေးအချက်များကို အသုံးပြုနည်း

- လူကိုယ်တိုင်ဖြစ်စေ အွန်လိုင်းမှဖြစ်စေ ရွေးချယ်ထားသည့် အကြံဉာဏ်ရယူခြင်းတွင် ပါဝင်ရန် ဖိတ်ကြားခြင်းအပါအဝင် သင်နှင့် တိုင်ပင်ရန် သင်၏ ကိုယ်ရေးအချက်များကို အသုံးပြုပါမည်။
- သင့်အကြံပြုချက်နှင့်ပတ်သက်၍ မေးခွန်းများရှိပါက သင့်ထံ ဆက်သွယ်ရန် သင့်ကိုယ်ရေးအချက်များကို အသုံးပြုနိုင်ပါသည်။
- မိမိတို့၏ဝဘ်ဆိုက်တွင် သင်၏ ရေးသားတင်ပြချက် သို့မဟုတ် အကြံပြုချက်ကို တင်ပြရန် သဘောတူညီချက်ကို ပေးထားပါက၊ မိမိတို့သည် မည်သူမည်ဝါသိစေနိုင်သော အချက်အလက်များကို မျှဝေရန် သင့်ခွင့်ပြုချက်မရှိပါက ဖယ်ရှားမည် ဖြစ်ပါသည်။
- အကယ်၍ သင်သည် သင်၏ ရေးသားတင်ပြချက်တွင် သင့် ကိုယ်ရေးအချက်များကို ထည့်သွင်းထားပြီး၊ ထိုတင်ပြချက်ကို ထုတ်ဝေရန် သဘောတူညီချက်ပေးပါက၊ သင်၏ ကိုယ်ရေးအချက်များကို ထုတ်ဝေမည် ဖြစ်ပါသည်။
- အကယ်၍ သင်သည် အခြားသူတစ်ဦး၏ ကိုယ်ရေးအချက်များ သို့မဟုတ် အရေးကြီးအကြောင်းအချက်များကို ပေးဆောင်ပါက၊ သင်၏တင်ပြချက်အား ထုတ်ဝေရန်အတွက် သင့်ခွင့်ပြုချက် ပေးထားသည့်တိုင် အခြားသူ၏ သဘောတူညီချက်မပါဘဲ ၎င်းကို မိမိတို့ ထုတ်ဝေမည်မဟုတ်ပါ။
- အဓမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်း စံနမူနာတစ်ခု ပြုစုတည်ဆောက်ရာတွင် ပါဝင်သော အခြားအစိုးရဌာနများနှင့် မျှဝေခြင်းမပြုမီ အစီရင်ခံစာများ၊ တင်ပြချက်များ သို့မဟုတ် အကျဉ်းချုပ်များတွင် ကိုယ်ရေးအချက်များကို မိမိတို့ ဖယ်ရှား၍ ဖော်ပြပါမည်။ ၎င်းတွင် အခြားသူများ၏ ကိုယ်ရေးအချက်များ ပါဝင်သည်။
- သင့်အကြံပြုချက်အဖြစ် ကိုယ်ရေးအချက်အလက်များကို အကြံဉာဏ်ရယူခြင်းသို့ မျှဝေနိုင်ပါသည်။ ၎င်းသည် အဓမ္မလက်ထပ်စေခြင်းခံရသူများ သို့မဟုတ် ခံရနိုင်ခြေရှိသူများအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်း စံနမူနာတစ်ခု ပြုစုတည်ဆောက်ခြင်းအပါအဝင် အဓမ္မလက်ထပ်စေခြင်းဆိုင်ရာ နိုင်ငံတော်အဆင့် ဖြေရှင်းခြင်းရာတွင်

ဩစတြေးလျအစိုးရ၏ အဓမ္မလက်ထပ်စေခြင်းအတွက် လုပ်ဆောင်မှုအားလုံးကို အသိပေးမည်ဖြစ်သည်။

- ဤအကြောင်းကြားချက်တွင်ဖော်ပြထားခြင်းမရှိသော မည်သည့်အခြားရည်ရွယ်ချက်အတွက်မဆို သင့်ကိုယ်ရေးအချက်များကို အသုံးပြုရန် သင့်သဘောတူညီချက်ကို ရယူပါမည်။

**<u>သင့်ကိုယ်ရေးအချက်များကို ရယူနိုင်သောသူများ</u>**

- အကယ်၍ သင်သည် သင်၏ ရေးသားတင်ပြချက်တွင် သင့် ကိုယ်ရေးအချက်များကို ထည့်သွင်းထားပြီး၊ ထိုတင်ပြချက်ကို ထုတ်ဝေရန် သဘောတူညီချက်ပေးပါက၊ သင်၏ ကိုယ်ရေးအချက်များကို ထုတ်ဝေမည်ဖြစ်ပါသည်။ ဥပမာအားဖြင့်၊ သင်သည် တင်သွင်းချက်၏ ခေါင်းစဉ် စာမျက်နှာတွင် သင့်အမည်ကို ထည့်သွင်းပါက သို့မဟုတ် သင့်တင်ပြချက်တွင် ကိုယ်ရေးအချက်များကို ထည့်သွင်းထားပါက၊
- ရွေးချယ်ထားသည့် အကြံဉာဏ်ရယူခြင်းတွင် သင်သည် လူကိုယ်တိုင် သို့မဟုတ် အွန်လိုင်းတွင် ပါဝင်ပါက၊ အကြံဉာဏ်ရယူခြင်းအတွင်း အခြားပါဝင်သူများမှလည်း သင့်အမည်ကို မြင်နိုင်ပါသည်။
    - အွန်လိုင်းအကြံဉာဏ်ရယူခြင်းများအတွက်၊ ဤဌာနသည် အကြံဉာဏ်ရယူခြင်းကို ကျင်းပရန် Microsoft Teams ကို အသုံးပြုပါမည်။ Microsoft Teams သည် ၎င်း၏ ကွန်ပျူတာအခြေပြုသုံး အစည်းအဝေးများလက်ခံကျင်းပရန် ရည်ရွယ်ချက်အတွက် ကိုယ်ရေးအချက်များကို စုဆောင်းပြီး၊ သင့် ကိုယ်ရေး အချက်များကို ကိုင်တွယ်ခြင်းနှင့် ပတ်သက်သည့် ၎င်း၏ ကိုယ်ပိုင် မူဝါဒ ရှိပါသည်။ ၎င်းတို့၏ ကိုယ်ရေးအချက်ထုတ်ပြန်ချက်ကို ၎င်းတို့၏ <u>ဝဘ်ဆိုက်</u> တွင် ရနိုင်ပါသည်။
- သင့်အမည်ကို မမျှဝေလိုပါက အကြံဉာဏ်ရယူခြင်း (အွန်လိုင်းနှင့် လူကိုယ်တိုင်) တွင် ပါဝင်သည့်အခါ နာမည်ဝှက်ကို အသုံးပြုနိုင်ပါသည်။
- အကြံဉာဏ်ရယူခြင်းတွင် ကူညီပေးနိုင်သော အခြားသူများမှလည်း သင်၏ ကိုယ်ရေးအချက်များကို ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ၎င်းတွင် သင်၏ နှုတ်ဖြင့် သို့မဟုတ် စာရေးသားအကြံပြုချက်ကို စကားပြန်ဆိုသည့်အခါ သို့မဟုတ် ဘာသာပြန်ဆိုသည့်အခါတွင် သင်၏ ကိုယ်ရေးအချက်များကို ဖတ်နိုင် သို့မဟုတ် ကြားနိုင်သည့် ဘာသာပြန်များနှင့် စကားပြန်များ ပါဝင်သည်။
- သင် သို့မဟုတ် အခြားသူတစ်ဦးဦးကို အန္တရာယ်ဖြစ်စေနိုင်သည်ဟု ယူဆရစေသော အချက်အလက်များကို သင်ထုတ်ဖော်ပါက၊ မိမိတို့သည် ဤအချက်အလက်များကို ရဲနှင့်/သို့မဟုတ် အခြားသက်ဆိုင်ရာအာဏာပိုင်များထံ ထုတ်ဖော်ရန် လိုအပ်ပေမည်။
- မဖြစ်မနေ အစီရင်ခံခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် သို့မဟုတ် သံသယရှိသော ရာဇဝတ်မှုတစ်ခုအား သတင်းပို့ရန် သင့် ကိုယ်ရေးအချက်များကိုလည်း ထုတ်ဖော်ရန် လိုအပ်ပါသည်။
- သင်၏ ကိုယ်ရေးအချက်များသည် လွတ်လပ်စွာ သတင်းရယူခွင့် တောင်းဆိုချက်များနှင့်လည်း သက်ဆိုင်ပါသည်။

သင့်ကိုယ်ရေးအချက်ကို ထုတ်ဖော်ရန် လိုအပ်သည့် အခြားအကြောင်းရင်းများကို သိရှိပါက၊ ထိုသို့ မလုပ်ဆောင်မီ သင်၏စာဖြင့်ခွင့်ပြုချက်ကို ရယူပါမည်။

**နောက်ထပ်သတင်းအချက်များ**

ဤရုံး၏ ကိုယ်ရေးကိုယ်တာ မူဝါဒ သည် သင်ပံ့ပိုးပေးထားသည့် အချက်အလက်များကို ဤရုံးက ကိုင်တွယ်ပုံနှင့် ကာကွယ်ပုံတို့ကို ရှင်းပြထားသည်။ ဤရုံး၏ ကိုယ်ရေးကိုယ်တာမူဝါဒသည် မိမိတို့ ထိန်းသိမ်းထားသော ကိုယ်ရေးအချက်များကို ရယူရန် သို့မဟုတ် ပြင်ဆင်ရန် သင် တောင်းခံပုံနှင့် သင့်တွင် ကိုယ်ရေးကိုယ်တာ ဆိုင်ရာမေးခွန်း သို့မဟုတ် တိုင်ကြားချက်ရှိပါက ဆက်သွယ်ရမည့်သူကို ရှင်းပြထားသည်။ ဤရုံး၏ ကိုယ်ရေးကိုယ်တာမူဝါဒ၏ စာရွက်မိတ္တူကို လိုအပ်ပါက၊ ကျေးဇူးပြု၍ ကိုယ်ရေးကိုယ်တာအရာရှိထံသို့ privacy@ag.gov.au မှတဆင့် ဆက်သွယ်ပါ။

အဓမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်းဆိုင်ရာ လူထုအကြံဉာဏ်ရယူခြင်းတွင် ပါဝင်ခြင်းနှင့် စပ်လျဉ်းသောမေးခွန်းများရှိပါက၊ ကျေးဇူးပြု၍ ForcedMarriage@ag.gov.au ကို ဆက်သွယ်ပါ။